ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

လားရှိုးမြို့နယ်



ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၈ – ၂၀၂၂)

(Village Development Project)

နောင်မွန်ကျေးရွာအုပ်စု၊ နားယာမကျေးရွာ

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

နားယာမကျေးရွာ၊ လား:ရှိုးမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကူညီရေးဆွဲသည်)

၂၀၁၈ခုနှစ်၊ အောက်တိုဘာလ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	၄
	နားယာမကျေးရွာသယံဇာတပြမြေပုံ၊လာ:ရှိုးမြို့နယ်	၆
	နားယာမကျေးရွာရာသီခွင်ပြပြကွဒိန်၊လာ:ရှိုးမြို့နယ်	၇
	နားယာမကျေးရွာနှင့်အဖွဲ့အစည်းများ ဆက်စပ်မှုပြမြေပုံ၊လာ:ရှိုးမြို့နယ်	၈
	အပိုင်း (က) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ	
၁။	တည်နေရာနှင့်ပထဝီဝင်အနေအထား	၉
၂။	ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ	၉
၃။	လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ	၉
	(က) လူဦးရေဆိုင်ရာအချက်အလက်များ	၉
	(ခ) စီးပွားရေးအခြေအနေ–ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု	၁၀
	(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု	၁၁
၄။	ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ	၁၂
၅။	စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ	၁၃
	(က) သီးနှံစိုက်ပျိုးရေး	၁၃
	(ခ) မွေးမြူရေးလုပ်ငန်း	၁၄
	(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ	၁၅
	(ဃ)ရွှေ့ပြောင်းလုပ်သားများ	၁၅
	(င) ကုန်စည်နှင့် ဝန်ဆောင်မှုစျေးကွက်	၁၆
	(စ) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု	၁၆
၆။	အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ	၁၆
	(က) ကျေးလက်သယ်ယူပို့ဆောင်ရေး	၁၆
	(ခ) ကျေးရွာမီးလင်းရေး	၁၇
	(ဂ) သတင်းနှင့်ဆက်သွယ်ရေး	၁၇
၇။	ပညာရေး	၁၇
၈။	ကျန်းမာရေး၊ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး	၁၉
၉။	ဘေးန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	၁၉
၁၀။	ကျား–မရေးရာကိစ္စရပ်ဆိုင်ရာ	၂၀
၁၁။	ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး	၂၀
၁၂။	ကျေးရွာတည်ငြိမ်ရေးနှင့်ဘေးကင်းလုံခြုံရေး	၂၀
၁၃။	ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ	၂၁
	အပိုင်း (ခ) စီမံချက်ဆိုင်ရာအချက်အလက်	

	စီမံချက်အဆိုပြုလွှာ(၁)	၂၃
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း	၂၅
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	၂၆
	နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	၉၂

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၈ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀၂၂ခုနှစ်အထိ(၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့်ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသောကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစုနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံသာမက နည်းပေးလမ်းပြကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ် ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သောနေရာများမှ လည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်း တိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာနအသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်

၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယားစသည်တို့ကို အဓိကထားဖော်ပြထားပါသည်။


အောက်တိုဘာလ၊ ၂၀၁၈

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ


နားယားမကျေးရွာ

လား:ရှိုးမြို့နယ်


နားယားမကျေးရွာ သယံဇာတပြမြေပုံ၊ လား:ရှိးမြို့နယ်



နားယာမကျေးရွာ ရာသီခွင်ပြပြကွဒိန်၊ လာ:ရှိုးမြို့နယ်



နားယာမကျေးရွာ အဖွဲ့အစည်းများနှင့်ဆက်စပ်မှုပြပုံလေးရှိုးမြို့နယ်



အပိုင်း (က)

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်

ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ကျွန်တော်တို့**နားယားမကျေးရွာ**သည် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးခရိုင်၊ လားရှိုးမြို့နယ်၏ **နောင်မွန်**ကျေးရွာအုပ်စုတွင် တည်ရှိပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် နမ့်ပုတ်ကျေးရွာ၊ အနောက်ဘက်တွင် နောင်မွန်ကျေးရွာ၊ မြောက်ဘက်တွင် ခေးနင်းကျေးရွာ၊ တောင်ဘက်တွင် **ဖတ်တုတ်ကျေးရွာ**စသည်တို့တည်ရှိနေပါသည်။ ကျေးရွာတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ဗမာ၊ ရှမ်း၊ ကိုးကန့်စသည့်တိုင်းရင်းသားများ စုပေါင်းနေထိုင်ကြ ပြီး ဗမာလူမျိုးမှာ လူနည်းစု ဖြစ်ပါသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ကျွန်တော်တို့ကျေးရွာ၏ ရွာသီဥတုမှာ သမပိုင်းရာသီဥတုဖြစ်ပြီး၊ အပူအအေးမျှတမှု ရှိပါသည်။ စိုက်ပျိုးနိုင်သောမြေဧရိယာမှာ လယ်မြေ (၄၁)ဧကနှင့် ယာမြေ/တောင်ယာမြေ (၃၂၃)ဧက စုစုပေါင်း (၃၆၄)ဧကရှိပါသည်။ အိမ်ခြံမြေများတွင်လည်း ရာသီအလိုက် ဟင်းသီးဟင်းရွက်ပင်များကို အနည်းအကျဉ်း စိုက်ပျိုးကြပါသည်။ မြေဆီလွှာအရည်အသွေးမှာ အသင့်အတင့် ကောင်းမွန်ပါသည်။

၃။ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

ကျွန်တော်တို့နားယာမကျေးရွာတွင် ရှမ်း၊ ကိုးကန့်လူမျိုးများ နေထိုင်ကြပါသည်။ အိမ်ထောင်စု(၂၁၅)အိမ်ရှိပြီး လူဦးရေစုစုပေါင်း (၁၁၃၂)ဦးရှိပါသည်။ ပျမ်းမျှ တစ်အိမ်ထောင် လျှင် (၅-၆)ဦးရှိပါသည်။ **ကျွန်တော်တို့ကျေးရွာတွင် တစ်နှစ်အောက်နို့စို့အရွက်ကလေး ကျား (၂)ဦး၊ မ(၃)ဦး၊ ၅နှစ်အောက်ကလေး ကျား(၁၈)ဦး၊ မ(၁၉)ဦး၊ မူလတန်းကျောင်းသား အရွယ် ၅နှစ်မှ ၉နှစ် ကျား(၄၂)နှစ်၊ မ(၄၇)နှစ်ဦး၊ (၁၀)နှစ်မှ (၁၄)နှစ် အလယ်တန်း ကျောင်းသားအရွယ် ကျား (၅၉)ဦး၊ မ(၅၃)ဦး၊ ၁၅နှစ်မှ ၆၄နှစ် အလုပ်လုပ်နိုင်သောအရွယ် ကျား(၄၁၂)ဦး၊ မ(၄၄၈)ဦး နှင့် သက်ကြီးရွယ်အို ကျား(၁၄)ဦး၊ မ(၁၅)ဦးရှိပါသည်။** နှစ်စဉ် တစ်နှစ်အောက် ကလေး များအား ကာကွယ်ဆေးထိုးကြပါသည်။ တစ်နှစ် အောက်ကလေး (၅)ဦးသာရှိခြင်းကြောင့် မွေးဖွားနှုန်း အလွန်နိမ့်ကျလျှက်ရှိပါသည်။ ၅နှစ်အောက်ကလေး ငယ်များသည် ရွာမှ (၂)မိုင် ခန့်ဝေးသောနောင်မွန်ကျေးရွာတွင် မူကြိုသွားတက်ကြပါသည်။

တချို့မိသားစုများသည် စီးပွားရေးမပြေလည်ခြင်းကြောင့် (၇-၈)နှစ်အရွယ် ကလေးငယ်များအား စက္ကူခေါက်သည့် အလုပ်ရုံများတွင် နေ့စားသွားရောက်လုပ်ကိုင်ပြီး မိသားစုစားဝတ်နေရေးအတွက် ဖြည့်တင်းနေကြရပါသည်။ အမျိုးသားများသည် တောင်ယာ၊ လယ်၊ ပန်းရံ၊ လက်သမား အလုပ်များနှင့် ကျပန်းအလုပ်ကို လုပ်ကိုင်ကြပါသည်။ အမျိုးသမီးများသည် တောင်ယာ၊ လယ်၊ စက္ကူထုတ်လုပ်သည့် အလုပ်ရုံများတွင် နေ့စားဆင်း၍သော်လည်းကောင်း၊ ကျပန်းဖြင့်သော်လည်းကောင်း အမျိုးသားများ နည်းတူဝင်ငွေရှာဖွေကြပါသည်။ သက်ကြီးရွယ်အိုများသည် အလုပ်လုပ်နိုင်သည်အထိ မိမိဝမ်းစာအတွက်သော်လည်းကောင်း၊ မိသားစုအတွက်သော်လည်းကောင်း လုပ်ကိုင်ကြပါသည်။

(ခ) စီးပွားရေးအခြေအနေ-ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ကျွန်တော်တို့ကျေးရွာသည် စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြပြီး စပါးနှင့် ပြောင်းကို အဓိကစိုက်ပျိုးကြပါသည်။ မိုင်းခံစက္ကူ၊ ရွှေစက္ကူ၊ ငွေစက္ကူပြုလုပ်သည့် အလုပ်ရုံများ ရှိကြ ပြီး ကျေးရွာသူ၊သားများသည် ယင်းအလုပ်ရုံများတွင် လုပ်ကိုင်ကြပါသည်။ တချို့သည် သစ်ခွပင်များကိုဝယ်ယူကာ အပင်လိုက် မီးကင်၍ပြန်လည်လိပ်ပြီး အပင်ခြောက်ပြုလုပ်ကာ တရုတ်နိုင်ငံသို့ ရောင်းချကြသည်။ တချို့ အရင်းအနှီးမရှိသူများက အပင်လိုက် လုပ်အားခယူ၍ လုပ်ဆောင်ကြပါသည်။ ယင်းသစ်ခွပင်ခြောက်များကို ဆေးအဖြစ်အသုံးပြုကြကြောင်း သိရှိရပါသည်။ တစ်ချို့ကတရုတ်ပြည်၌ ကျပန်းသွားရောက်လုပ်ကိုင်ကြပါသည်။ ကျွန်မတို့ရွာ၏ စိုက်ပျိုးနိုင်သောမြေမှာ လယ်မြေနှင့် တောင်ယာတို့ဖြစ်သည်။ လယ်မြေစိုက်ပျိုးရာတွင် နှစ်စဉ်နှစ်တိုင်း ဓါတ်မြေဩဇာများသုံးစွဲကြသဖြင့် မြေဆီလွှာ အရည်အသွေး အလွန်ညံ့ပါသည်။ ထို့ကြောင့် ကျေးရွာတွင် ရရှိနိုင်သော နွားချေး၊ ဝက်ချေးနှင့် ကြက်ချေးများကို ရရှိနိုင်သမျှ ထည့်သွင်းအသုံးပြုကြပါသည်။ ခြံများတွင် တရုတ်ဇီးသီးနှင့် လိုင်းချီးနှစ်ရှည်ပင်များကိုလည်း စိုက်ပျိုးထားကြပါသည်။

ကျေးရွာ၏အဓိကအလုပ်အကိုင်မှာ လယ်ယာစိုက်ပျိုးရေးဖြစ်သောကြောင့် အလုပ်သမား ငှားရမ်းလုပ်ကိုင်ကြပါသည်။ တချို့သောမိသားစုများသည် အလုပ်သမားများ မငှားရမ်းနိုင်သဖြင့် ကိုယ်တိုင်လုပ်ကိုင်ကြပါသည်။ ငှားရမ်းမလုပ်ကိုင်နိုင်သောကြောင့် ပညာသင်ကြားနေသောကလေးငယ်များလည်း မိဘ၏လုပ်ငန်းတွင် ဝင်ရောက်ကူညီကြရပါသည်။ စက္ကူစက်ရုံတွင် ရွာသူရွာသားများသည် တစ်နှစ်ပတ်လုံးလုပ်ကိုင်ကြပါသည်။ တချို့က ကားမောင်းခြင်း၊ သစ်ခွပင်ခြောက်ပြုလုပ်ခြင်းနှင့် လက်သမား၊ ပန်းရံစသည့်အလုပ်များကို ကျပန်းလုပ်ကိုင်ကြပါသည်။ ကျောက်တောင်များမှ ကျောက်များ ရရှိနိုင်သော်လည်း ကျောက်ပွ များဖြစ်ခြင်းကြောင့် အသုံးမပြုနိုင်ကြပါ။ သဘာဝစိမ့်စမ်းရေထွက် တည်ရှိပြီး ယင်းရေထွက်မှ နားယားမကျေးရွာအပြင် အခြားကျေးရွာဖြစ်သော နောင်မွန်ကျေးရွာသည်လည်း ရေပိုက်သွယ်တန်းအသုံးပြုကြပါသည်။

(၈) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

ကျွန်တော်တို့နားယာမကျေးရွာတွင် ဆေးစွဲသူများပြားပါသည်။ မူးယစ်ဆေးဝါးကို အလွယ်တကူ ဝယ်ယူနိုင်သောကြောင့် သုံးစွဲသူများများပြားလာပါသည်။ ကျေးရွာတွင် မူးယစ်ဆေး သုံးစွဲသူများသောကြောင့် ကူးစက်ရောဂါ ဖြစ်နိုင်ခြေများပါသည်။ မိသားစု၏ လူမှုရေး၊ စီးပွားရေးတိုးတက်မှုသည် အရာရာနောက်ကြရပါသည်။ အလွန်ဆင်းရဲသော မိသားစုများသည် ကြုံရာကျပန်းကိုလုပ်ခြင်းဖြင့် မိမိ၏ဝမ်းစာအတွက် ဖြေရှင်းနေရပါ သည်။ ကျွန်မတို့ကျေးရွာတွင် ကားမောင်းပြီး အသက်မွေးဝမ်းကြောင်းပြုသူမှာ တစ်ဦးနှစ်ဦး ရှိပါသည်။ ရွှေ့ပြောင်းလုပ်သားများသည် အခြားမြို့ရွာများသို့ သွားရောက်လုပ်ကိုင်ရသော ကြောင့် ထိခိုက်လွယ်မှု အလယ်အလတ်ဖြစ်ပါသည်။

မိုးရာသီတွင် တောင်ကျရေများ ကျဆင်းခြင်းကြောင့် ရေကြီးခြင်း၊ ကားလမ်းများ ပျက်ဆီးခြင်းနှင့်ပြောင်းခင်းများအပင်ယိုင်လဲခြင်းတို့ကြောင့် ကျေးရွာတွင် ပျက်ဆီးမှုများ ဖြစ်ပေါ်ပါသည်။ မိုးခေါင်သည့်အခါ ပျိုးပင်များ အသက်ရင့်သွားခြင်း၊ အောင်ရေ လုံလောက် စွာမရရှိခြင်းတို့ကြောင့် အထွက်နှုန်းများလျော့နည်းပါသည်။ စက္ကူစက်အလုပ်ရုံသည် လောင်စာဖြစ်သောကြောင့် ၃-၄ နှစ်တစ်ကြိမ်လောက် မီးလောင်ကျွမ်းမှုဖြစ်တတ်ပါသည်။ သစ်တောများတွင် ရေထွက်ပေါက်သာ ကျန်ရှိတော့သဖြင့် သစ်တောပျက်ဆီးမှု အလွန် မြင့်မားပါသည်။ တီဘီဖြစ်ပွားသူ (၄-၅)ဦးရှိပြီး တချို့သည် ကာကွယ်ဆေးသောက်သုံးနေ ကြပြီး တစ်ချို့မှာ ဆေးသောက်သုံးခြင်းမရှိသောကြောင့် ထိခိုက်မှုမြင့်မားပါသည်။

၄။ ဖွံ့ဖြိုးရေးဆိုင်ရာ စိမံခန့်ခွဲမှု အခြေအနေ

ကျွန်တော်တို့ကျေးရွာအတွင်းရှိ အုပ်ချုပ်ရေးအဖွဲ့(ကျား-၉ဦး)သည် ကျေးရွာ၏ ပညာ ရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ သာရေးနာရေး၊ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာ လုံခြုံရေး နှင့်ကာကွယ်ရေးစသည်တို့အတွက် စုစည်းစွာ လုပ်ဆောင်နေကြပါသည်။ ကျေးရွာတွင် ရှမ်းလူမျိုးနှင့် ကိုးကန့်လူမျိုးများ နေထိုင်ကြပါသည်။ ရှမ်းပိုင်းနှင့် ကိုးကန့် ပိုင်း၊ တောင်ကုန်းပိုင်းဟူ၍ရှိနေပါသည်။ ရှမ်းပိုင်းတွင် ရှမ်းအများစုနေထိုင်ပြီး ကိုးကန့်ပိုင်း တွင် ကိုးကန့် အများစုနေထိုင်ပါသည်။ သောင်ခုံပိုင်းတွင်မူ ရှမ်းနှင့် ကိုးကန့်လူမျိုးများ ရောနှောနေ ထိုင်ကြပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့များ ဖွဲ့စည်းရာတွင် အုပ်ချုပ်ရေးအဖွဲ့ နှင့်မီးသတ်အဖွဲ့သာ တစ်ခုတည်းတည်ရှိပြီး ကျန်အဖွဲ့များသည် ရှမ်းပိုင်း၊ ကိုးကန့်ပိုင်းဟူ၍ သီးခြား ဖွဲ့စည်းထားကြပါသည်။ ယဉ်ကျေးမှုအဖွဲ့နှင့် အပျိုလူပျိုအဖွဲ့များတွင် ဦးဆောင် သည့်သူမှာ အတူတူသာ ဖြစ်ပြီး လူငယ်လူရွယ်အားလုံးသည် ခေါင်းဆောင်၏ဦးဆောင်မှု နောက်တွင် တညီတညွတ်တည်းလိုက်ပါကြသည်။ ကျွန်တော်တို့ကျေးရွာ၌ သာရေး/နာရေး လူမှုဖွံ့ဖြိုးရေးနှင့် ကာကွယ်ရေးအဖွဲတွင် အပျို/လူပျိုအမျိုးသမီးများသည် ရွာ၏တိုးတက် ရေးကိစ္စ၌ ထောင့်စေ့ပါဝင်ကူညီကြပါသည်။ လူငယ်များမှာလည်း ရွာ၏လုပ်အားပေးခြင်း

နှင့်အခြားအခြားကိစ္စတွင်လည်း ကူညီသူရှိပါသည်။ ရှမ်းယဉ်ကျေးမှုအဖွဲ့သည် သီတင်းကျွတ်လ ရှမ်းရိုးရာပွဲတော်များတွင် အခြားရွာများသို့ သွားရောက်၍ ကိုးကန့် ယဉ်ကျေးမှုအဖွဲ့သည်လည်း တရုတ်နှစ်သစ်ကူးပွဲတော်ချိန်များတွင် အမျိုးသမီးများက အခြားရွာများသို့ သွားရောက်၍ ကပြခြင်းဖြင့် ရန်ပုံငွေရှာဖွေကြသည်။ အုပ်ချုပ်ရေးအဖွဲ့ သည် ကျေးရွာ၏ သာရေးနာရေး၊ လူမှုဖွံ့ဖြိုးရေး၊ လုံခြုံရေးနှင့် ကာကွယ်ရေးလုပ်ငန်းများတွင် အဓိက တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။

ကျေးရွာအတွင်း အုပ်ချုပ်ရေးအဖွဲ့တစ်ဖွဲ့သာရှိပါသည်။ **နားယားမကျေးရွာတွင် ကျေးရွာ ဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများမရှိပါ။**

၅။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

ကျွန်မတို့ရွာ၏ စိုက်ပျိုးနိုင်သောမြေမှာ လယ်မြေ(၄၁ကေ)နှင့် တောင်ယာမြေ (၃၂၃ကေ) စုစုပေါင်း(၃၆၄ကေ)တို့ ရှိပါသည်။ လယ်မြေစိုက်ပျိုးရာတွင် နှစ်စဉ်နှစ်တိုင်း ဓါတ်မြေဩဇာများသုံးစွဲကြသဖြင့် မြေဆီလွှာအရည်အသွေး အလွန်ညံ့ပါသည်။ ထို့ကြောင့် ကျေးရွာတွင် ရရှိနိုင်သော နွားချေး၊ ဝက်ချေးနှင့် ကြက်ချေးများကို ရရှိနိုင်သမျှ ထည့်သွင်းအသုံးပြုကြပါ သည်။ ခြံများတွင် တရုတ်ဇီးသီးနှင့် လိုင်းချီးနှစ်ရှည်ပင်များကိုလည်း စိုက်ပျိုးထားကြပါသည်။ နားယားမကျေးရွာတွင် ၂.၅ ဧကအောက် ဆင်းရဲသားတောင်သူ (၉၈)အိမ်ထောင်စု၊ ၂.၅ဧကမှ ၅ဧကကြား တောင်သူငယ်(၄၆)အိမ်ထောင်စု၊ ၅ဧကမှ ၁၂.၅ဧကကြား တောင်သူ လတ်(၁၀) အိမ်ထောင်စုစသည်တို့ရှိကြပြီး အဓိကအားဖြင့် စပါးနှင့် ပြောင်းဖူးများကို အားထားစိုက်ပျိုးကြပါသည်။ မြေယာမဲ့အိမ်ထောင်စုများသည် စုစုပေါင်းအိမ်ထောင်စု၏ သုံးပုံ တစ်ပုံခန့်ရှိပြီး အများစုသည် နေ့စားကျပန်းနှင့် ပြည်ပတွင် သွားရောက်လုပ်ကိုင်နေကြပါသည်။

လူနေထူထပ်မှုကြောင့် မြေယာပိုင်ဆိုင်မှုများလျော့နည်းလာပါသည်။ မြေယာပိုင်ဆိုင်သူများသည် ချမ်းသာကြပြီး လက်လုပ်လက်စားများမှာ မြေယာပိုင်ဆိုင်မှုမရှိပါ။ နားယာမကျေးရွာ၏ (၂၈.၃၇%)သည် မြေယာမဲ့သူများဖြစ်ပြီး ဆင်းရဲသောအိမ်ထောင်စုများ ဖြစ်ကြသည်။ တစ်နေ့လုပ်တစ်နေ့စားကြသူများဖြစ်သည်။ မြေပိုင်ဆိုင်မှု(၄၅.၅၈%)သည် ဆင်းရဲသားတောင်သူများဖြစ်ပြီး မြေယာအနည်းငယ်ရှိပါသည်။ မြေပိုင်ဆိုင်မှု(၂၁.၄%)ရှိသော တောင်သူငယ်များသည် လယ်ယာမြေ လုံလောက်မှုရှိပြီး၊ မြေပိုင်ဆိုင်မှု(၄.၆၅%)ရှိသော တောင်သူလတ်များသည် လယ်မြေပိုင်ဆိုင်မှုဧက များပါသည်။ ၁၂.၅ဧကအထက်ပိုင်ဆိုင်သော တောင်သူကြီးများ မရှိကြောင်း တွေ့ရှိရပါသည်။

ရွာတွင် အဓိက စပါးနှင့်ပြောင်းကိုသာ စိုက်ပျိုးကြသည်။ စပါးအထွက်နှုန်းမှာ အနည်းဆုံး တင်း(၇၀)ထွက်ပြီး အများဆုံး(၉၀)ပတ်ဝန်းကျင်ရှိသည်။ စပါးစိုက်ပျိုးသည့်ကာလသည်

(၇)လ မှ(၁၁)လအထိဖြစ်သည်။ ပြောင်းစိုက်ပျိုးသည့်ကာလမှာ (၄)လပိုင်းစတင်စိုက်ပျိုးပြီး (၁၀)လပိုင်းတွင် ပြောင်းချိုးခြင်းကို အပြီးသတ်သည်။ ပျမ်းမျှပြောင်းအထွက်နှုန်းမှာ တစ်ထုတ် (တစ်ဧက)လျှင် ပိသာ(၁၈၀၀)မှ (၂၀၀၀)ခန့်ရရှိသည်။ စပါးကို မိသားစုစားသုံးရန်သာ စိုက်ပျိုးကြပါသည်။ ပြောင်းကို စီးပွားဖြစ်စိုက်ပျိုးကြပါသည်။ ပြောင်းစိုက်ပျိုးရန် အရင်းအနှီးများစွာလိုပါသည်။ ပြောင်းစိုက်ပျိုးရန် လိုအပ်သောမျိုး၊ မြေဩဇာသည်တို့ကို နောင်မွန်စျေးတွင် ဝယ်ယူရရှိနိုပါသည်။ ပြောင်းစျေးအတက်အကျသည် တရုတ်စျေးကွက်ပေါ်တွင် မူတည်နေပြီး အမြတ်ရရှိမှုသည်လည်း ပြောင်းစျေးအတက်အကျပေါ်တွင် မူတည်နေ ပါသည်။

ကျေးရွာ၏ စိုက်ပျိုးရေးမှာ မိုးရေကိုသာ အဓိကထားစိုက်ပျိုးလုပ်ကိုင်ကြပြီး နွေရာသီတွင် တစ်ချို့လယ်ကေများသည် စိမ့်စမ်းရေကို အသုံးပြုကြပါသည်။ စိမ့်စမ်းရေမှာ တစ်နှစ်ပတ်လုံးရရှိသောကြောင့် ရေလုံလောက်မှုရှိပါသည်။ ရွာတွင် အဓိကစိမ့်စမ်းရေကိုသာ အသုံးပြုကြပါသည်။ တစ်နှစ်ပတ်လုံး သုံးစွဲရန်အတွက် စိုက်ခင်းများသည် အလှည့်ကျရယူရပါသည်။ တစ်နှစ်ပတ်လုံး ရေလုံလောက်မှု မရှိပါ။ စပါးအထွက်နှုန်းမှာ တစ်ဧကပျမ်းမျှ (၇၀) တင်းထွက်ပြီး၊ ပြောင်းအထွက်နှုန်းမှာ တစ်ဧကပျမ်းမျှ (၇၀)ပုံးထွက်ရှိပါသည်။

ကျေးရွာအတွင်းရှိ လယ်သမားများတွင် တစ်ဦးချင်းပိုင် ထွန်စက်(၂၆)လုံး လက်တွန်းထွန် စက်(၄၁)စီးရှိပြီးလိုအပ်သော စက်ကိရိယာများကို အခြားကျေးရွာများမှ ငှားရမ်းလုပ်ကိုင်နေကြပါသည်။

သီးနှံအထွက်တိုးစေရန် သဘာဝမြေဆွေး၊ အော်ဂဲနစ်မြေဩဇာနှင့် သွင်းအားစုများ၊ ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြားဓာတုဗေဒသွင်းအားစုများ၊ သီးနှံမျိုးစေ့များကိုလည်း မြို့နှင့်အလှမ်းမဝေးသဖြင့် လွယ်ကူစွာ ဝယ်ယူရရှိနိုင်ပါသည်။ သီးနှံစျေးကွက်နှင့် ဝန်ဆောင်မှုတွင် ကုန်သည်ပွဲစားများမှတဆင့် ရောင်းချနိုင်ကြပါသည်။

မိုးစပါးစိုက်ပျိုးရာတွင် စပါးဖျက်ပိုးနှင့် ခရုများ အနည်းငယ်ကျရောက်ပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကျွန်တော်တို့ကျေးရွာတွင် နွားမွေးမြူထားသည့် အိမ်ထောင်စု (၁၉) အိမ်ရှိပြီး နွားကောင်ရေ (၄၂) ကောင်၊အိမ်ထောင်စု (၂၄) အိမ်မှ ကျွဲ (၅၂) ကောင်၊ အိမ်ထောင်စု (၈၆) အိမ်မှ ဝက် (၅၈၀) ကောင်၊ အိမ်ထောင်စု(၁၃)အိမ်မှ ကြက်(၂၃၀)ကောင်၊ အိမ်ထောင်စု(၁)အိမ်မှ ဘဲ(၁၁)ကောင် စသည်ဖြင့် တစ်ပိုင်တစ်နိုင်မွေးမြူရေးကို လုပ်ကိုင်နေကြပါသည်။ နားယာမကျေးရွာတွင် စားကျက်မြေဟူ၍ မရှိပါ။ ကျောက်ပွတောင်ပေါ်တွင် လွှတ်ကျောင်းကြပါသည်။ စပါး ရိတ်သိမ်းပြီးချိန်တွင် ကောက်ရိုးများကို ကျွေးကြပါသည်။ စိမ့်စမ်းရေထွက် ကောင်းသောကြောင့် ရေကိုလုံလောက်စွာအသုံးပြုနိုင်ပါသည်။ တစ်ပိုင်တစ်နိုင်မွေးမြူ လုပ်ကိုင်ရန် ဒေသဝက်များကို မွေးမြူကြပါသည်။ ယခင်က စီပီဝက်မျိုးများကို ဟုန်းပန်းကုမ္ပဏီမှ

လာရောက်ရောင်းချသောကြောင့် စီပီဝက်များကို မွေးမြူကြပါသည်။ ဝက်စာကို ကုမ္ပဏီမှ ဝယ်ယူ ကျွေးမွေးကြရပါသည်။ အခြားအစာကျွေးပါက ဝက်များမှာ မကြီးထွားကြပါ။ ရောင်းသင့်သည့်အချိန်တွင် ကုမ္ပဏီမှ ပြန်လည်ဝယ်ယူပါသည်။ ရောဂါကျရောက်ပါက ကုမ္ပဏီမှ လာရောက်ကုသပေးပါသည်။ သို့သော် အမြတ်အစွန်းနည်းပါးသဖြင့် နောင်နှစ်များတွင် မမွေးကြတော့ပါ။ ကုမ္ပဏီမှလည်း မလာရောက်တော့ပါ။

ယခုအခါ ဒေသမျိုးများကိုသာ မွေးမြူကြပါသည်။ ဒေသမျိုးများကို ကျေးရွာတွင်းမှသော်လည်းကောင်း၊ နီးစပ်ရာရွာများမှသော်လည်းကောင်း ဝယ်ယူကြပါသည်။ နှစ်လသား ဝက်ပေါက်ကလေးများကို တစ်ကောင်လျှင် ၇၀၀၀၀ မှ ၈၀၀၀၀ကျပ်အထိ ပေးကြရပါသည်။ စိုက်ပျိုးရေးချေးငွေ မရရှိသောကြောင့် အရင်းအနှီးမတတ်နိုင်ဘဲ အစာကို ရွာမှရရှိသော ပြောင်းရိုးကို အမှုန့်ကြိတ်၍ ဖွဲနုနှင့် ရောစပ်ကာ အခြောက်ကျွေးကြပါသည်။ ကျေးရွာမှ စိုက်ပျိုးထားသော ကန်စွန်းရွက်များကိုလည်း ခုတ်ထစ်၍ ကျွေးကြပါသည်။ ယခင်နှစ်က ဝက်နာကျရောက်သဖြင့် ဝက်များသေကြေကြသော်လည်း ကာကွယ်ဆေးထိုးသည့် အလေ့အကျင့် မရှိကြပါ။ ထိုးရမည်ဟူသောအသိလည်း မရှိကြပါ။ ကျေးရွာမှ မွေးမြူသည့်သူတစ်ဦးသာ အချင်းချင်းမေးမြန်းပြီး မိမိဘာသာ ကာကွယ်ဆေးထိုးပါသည်။ စနစ်တကျဝန်ဆောင်မှုပေးမည့်သူများ မရှိပါ။ ရောင်းချသည့်အခါ ဝက်ကိုကြည့်ပြီးဈေးဖြတ်သကဲ့သို့ အလေးချိန်ချိန်ပြီး ရောင်းချရသည်လည်းရှိပါသည်။ အလေးချိန်သည့်အခါ တချို့က အလေးခိုးကြပါသည်။ လားရှိုးနှင့် နောင်မွန်မှ လာရောက်ဝယ်ယူချိန်တွင်သာ ရောင်းချကြရပါသည်။ အမြဲတမ်း ရောင်းချ၍ မရကြပါ။

မွေးမြူရေးနှင့်ပတ်သက်သည့် နည်းပညာများနှင့် ကာကွယ်ဆေးထိုးခြင်း ဝန်ဆောင်မှုများ မရှိသဖြင့် ရာသီကူးပြောင်းချိန်တွင် ရောဂါများ ကူးစက်ခံရပြီး ပျက်စီးဆုံးရှုံးမှု အနည်းငယ်ရှိသည့်အပြင် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်းပညာနှင့် ပတ်သက်သည့် အတွေ့အကြုံ၊ အသိပညာများ အားနည်းကြပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျွန်တော်တို့နားယာမကျေးရွာသည် မန္တလေး-လားရှိုးကားလမ်းမကြီးပေါ်တွင် တည်ရှိသဖြင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပါသည်။ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားစီးပွားရေးများမှာ ရိုးရာစက္ကူလုပ်ငန်းအပြင် ကားပြင်ဆိုင်၊ ဆိုင်ကယ်ပြင်ဆိုင်၊ သံပန်းသံတခါးလုပ်ငန်းများလည်းရှိသည်။ စက္ကူလုပ်ငန်းလုပ်ကိုင်ရာတွင်လည်း ချေးငွေရရှိခြင်း မရှိပါ။ စက္ကူလုပ်ငန်းအတွက် ကုန်ကြမ်းမှာလည်း အလွယ်တကူဝယ်ယူနိုင်ပါသည်။ ကျေးရွာတွင်းတွင် လုပ်သားအင်အားမရရှိသော်လည်း အခြားဒေသမှ လာရောက်လုပ်ကိုင်သော အလုပ်သမားများကို ငှားရမ်းလုပ်ကိုင်နိုင်ပါသည်။ ဈေးကွက်ရောင်းချရာတွင် လားရှိုးမှ

တဆင့် လောက်ကိုင်၊ တာချီလိတ်နှင့် အခြားမြို့များသို့ ရောင်းချရပါသည်။ လုပ်ငန်းလည်ပတ်ရန် လျှပ်စစ်မီးမှာလည်း အားကောင်းပါသည်။ ၎င်းလုပ်ငန်းရှိသောကြောင့် အလုပ်လက်မဲ့များအတွက် အလုပ်အကိုင်အခွင့်အလမ်းများစွာ ရရှိပါသည်။ စက်ရုံအတွက် လိုအပ်သောရေကို စိမ့်စမ်းရေထွက်ပေါက်မှ ၃ လက်မပိုက်များဖြင့် တိုက်ရိုက်သွယ်တန်း၍ ရေကို ရယူကြပါသည်။

ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ကိုင်နေကြသော မိသားစုဝင်များသည် တစ်နိုင်တစ်ပိုင်စျေးဆိုင်ဖြင့် လုပ်ကိုင်ကြပါသည်။ အသက်မွေးဝမ်းကျောင်းနည်းပညာအတတ်ပညာများ ကျွမ်းကျင်စွာ တတ်မြောက်မှုအားနည်းသဖြင့် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးပါသည်။ အခြားဒေသများနှင့် နိုင်ငံရပ်ခြားဒေသတို့တွင် အခြေခံအလုပ်များကို သွားရောက်လုပ်ကိုင်သူဦးရေများပြားသဖြင့် ကျေးရွာတွင်းတွင် လုပ်သားအင်အား ရှားပါးပါသည်။ စျေးကွက်ဆိုင်ရာ အသိအမြင်ရှိမှုလည်းအားနည်းပါသည်။ နားယာမကျေးရွာတွင် ချေးငွေရရှိခြင်း လုံးဝမရှိချေ။ ချေးငွေများလိုအပ်ပါက ချမ်းသာသောသူတို့ထံမှ အတိုးနှုန်းများများဖြင့် ချေးယူရပါသည်။ အသက်မွေးဝမ်းကျောင်းနည်းပညာဆိုင်ရာနှင့် အသေးစား/ အလတ်စား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာဝန်ဆောင်မှုများ လုံးဝမရရှိပါ။

(ဃ) ရွှေပြောင်းလုပ်သားများ

နားယာမကျေးရွာတွင် ရွှေပြောင်သွားလာသူများပေါများပါသည်။ တချို့သူများသည် ကျပန်းအဖြစ် လုပ်ကိုင်ကြပြီး တချို့က ထမင်း၊ဟင်း၊ ခေါက်ဆွဲဆိုင်များတွင် နေထိုင် အလုပ်လုပ်နေကြပါသည်။ တရုတ်ပြည်နှင့် ထိုင်းကိုသာ အများဆုံးသွားရောက် နေထိုင်လုပ်ကိုင်ကြပါသည်။ မြို့တွင်းရွှေပြောင်းသွားလာမှုတွင် ရန်ကုန်နှင့်လားရှိုးကိုသာ သွားရောက်လုပ်ကိုင်ကြပါသည်။

(c) ကုန်စည်နှင့် ဝန်ဆောင်မှုစျေးကွက်

ရွာ၏အဓိကအားထားရသည့်စျေးမှာ နောင်မွန်စျေးဖြစ်ပြီး (၅)ရက်စျေး ဖြစ်ပါသည်။ အကွာအဝေးမှာ (၂)မိုင်သွားရပြီး သယ်ယူပို့ဆောင်ရေးမှာ အဓိကအားဖြင့် ဆိုင်ကယ်ကို အသုံးပြုကြပါသည်။ ကုန်စည်နှင့်ဝန်ဆောင်မှုမှာ ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုအားလုံးနီးနီး ရရှိနိုင်ပါသည်။ စျေးအခြေအနေအဆောက်အဦးမှာလည်း အလွန်ကောင်းမွန်ပါသည်။

(စ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာတွင် ပြင်ပမှ လာရောက်လုပ်ဆောင်ပေးနေသည့် ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများ မရှိပါ။**ထို့ကြောင့်အတိုးနှုန်း သက်သာသော ကာလရှည်ချေးငွေများ ရရှိရန်**

လိုလားကြပါသည်။ တရုတ်လောပန်များထံမှ ချေးငွေကို ရယူကြပြီး သီးနှံပေါ်ချိန်မှသာ အတိုးနှင့် အရင်းကို ပြန်လည်ပေးဆပ်ကြပါသည်။

၆။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျွန်တော်တို့ကျေးရွာတွင် မော်တော်ဆိုင်ကယ် (၂၄၉) စီး၊ သုံးဘီးဆိုယ်ကယ်(၂)စီး၊ ထော်လာကျီ (၅၉)စီး၊ ကား(၂၄)စီး၊ နွားလှည်း(၂၇)စီးစသည်ဖြင့် သယ်ယူပို့ဆောင်ရေး ကဏ္ဍအတွက် အသုံးပြုနေကြပါသည်။ ကျွန်မတို့ရွာတွင် လားရှိုးသို့သွားသော လိုင်းကားများ ရှိတယ်။ ဆိုင်ကယ်ကို ရွာ၏အဓိက သွားလာခြင်းခရီးကို အသုံးပြုတယ်။ ထော်လာကျီ၊ နွားလှည်းများကို ပြောင်း၊ စပါးရိတ်သိမ်းရာတွင် အသုံးပြုကြသည်။ ကျွန်တော်တို့ကျေးရွာသည် လားရှိုး–မန္တလေးပြည်ထောင်စုလမ်းမကြီး၏ ဘေးတစ်ဘက်တချက်တွင် တည်ရှိပြီး ကတ္တရာ လမ်းခင်းထားပါသည်။ ရွာအတွင်း လမ်းငယ်၊ လမ်းကြားများမှာ မြေသားလမ်း ဖြစ်ပြီး အချို့လမ်းကြားများမှာ ကျောက်ခင်းလမ်းများလည်းရှိသည်။ ရွာတွင်းလမ်းငယ်များသည် မိုးရာသီတွင် ရွံ့ထူထပ်သောကြောင့် သွားလာရခက်ခဲပါသည်။ ကလေးများ ကျောင်းသွား ရာတွင် လမ်းမှာ ရေများ ဝပ်ခြင်း၊ ရွံ့နွံများ ပေါများခြင်းကြောင့် သွားလာရခက်ခဲပါသည်။

(ခ) ကျေးရွာ မီးလင်းရေး

ကျေးရွာတွင် မဟာဓါတ်အားလိုင်းသုံးစွဲသူ(၁၈၀)အိမ် ရှိပြီး၊ ဆိုလာစနစ်ဖြင့် အသုံးပြုသူအိမ်ထောင်စု (၃၄)စုရှိပြီး လျှပ်စစ်မီးလုံးဝအသုံးမပြုနိုင်သေးသော အိမ်ထောင်စု(၂၃)စု ရှိပါသည်။ ကျွန်မတို့ရွာတွင် မဟာဓါတ်အားလိုင်းကိုသာသုံးစွဲပါသည်။ မဟာဓာတ်အားလိုင်း မသွယ်ယူနိုင်သော မိသားစုများသည်ဆိုလာစနစ်ကို အသုံးပြုကြသည်။ အချို့ဆင်းရဲသော အိမ်ထောင်စုများသည် ဖယောင်းတိုင်ကိုသာ အသုံးပြုကြသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

နားယားမကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း (၁၄၁)လုံး၊ ရေဒီယို (၃)လုံး၊တီဗွီ (၉၅)လုံး၊ ဂြိုလ်တုစလောင်း (၈၅)လုံး စသည်တို့မှ ရရှိနေပြီး ဆက်သွယ်ရေးဆိုင်ရာအခက်အခဲများ အထူးတလည်မရှိပေ။ ကျွန်မတို့ရွာတွင် ဆက်သွယ်ရေးအတွက် MPT အပြင် TELENOR နှင့် OOREDOO ဖုန်းလိုင်းများကို အသုံးပြုကြပါသည်။ နိုင်ငံအတွင်း သတင်းအချက်များကို သိရှိနားလည်နိုင်ရန် အချို့အိမ်များ၌ ဂြိုလ်တုစလောင်းများကိုလည်း တပ်ဆင်ထားပါသည်။

၇။ ပညာရေး

ကျွန်တော်တို့နားယာမကျေးရွာတွင် စာမတတ်သူဦးရေမှာ များပြားလှပြီး ကျား(၂၄၃) ဦးနှင့် မ(၂၆၇)ဦးရှိပါသည်။ ရွာသူရွာသားအများစုသည် ရှမ်းစာနှင့် တရုတ်စာများကိုသာ သင်ယူ တတ် မြောက်ကြခြင်းကြောင့် ဖြစ်ပါသည်။ တစ်ချို့မိသားစုများသည် ပညာရေးထက် ဝမ်းစာရေးကို ဦးစားပေးကြရခြင်းကြောင့်လည်းကောင်း၊ တချို့ကလည်း စိတ်ပါဝင်စားမှု မရှိ၊ စာမတတ်ရင် ထမင်းမငတ်သော စကားကို အဓိကထားပြီး စာသင်ယူခြင်းကို အလေးမထားပါ။ အချို့ယောကျ်ားလေးများသည် ဘုန်းတော်ကြီးကျောင်းများတွင် ကိုရင်ဝတ်ပြီး ဘုရားစာများကို သင်ယူနေကြပါသည်။

နားယာမကျေးရွာတွင် မူလတန်းလွန်ကျောင်း (၇တန်း)နှင့် တရုတ်စာသင်ကြားသော ကျောင်း(၇)တန်းထိရှိပါသည်။ အစိုးရကျောင်းတွင် ဆရာမ(၁)ဦးငှားရမ်း၍ ရှမ်းစာပေကို သင်ကြားပေးပါသည်။ မူလတန်းလွန်ကျောင်းသည် ပုံမှန်စာသင်ချိန်ဖြစ်ပြီး တရုတ်ကျောင်းသည် နံနက် (၅:၃၀)မှ (၇:၃၀)နာရီထိ၊ ညနေ(၄:၃၀)မှ (၅:၃၀)ထိသင်ကြားပါသည်။ တရုတ်ကျောင်းတွင် ကမ္ဘာသုံး တရုတ်စာကို သင်ကြားပေးပါသည်။ ကိုးကန့်မဟုတ်သည့် အခြားလူမျိုးများအား ကျောင်းလခပေးစရာမလိုဘဲ အခမဲ့သင်ကြားပေးပါသည်။ ကိုးကန့်လူငယ်လူရွယ်များသည် တရုတ်နှစ်သစ်ကူးပွဲတော်တွင် အခြားကျေးရွာများသို့ သွားရောက်၍ ကပြခြင်းဖြင့် ရန်ပုံငွေရှာကြပါသည်။ ရရှိသောရန်ပုံငွေများအား စုဆောင်းပြီး လုပ်ငန်းရှင်များထံ ရင်းနှီးငွေအဖြစ်ထားရှိပြီး လစဉ်ရရှိသော အတိုးငွေများဖြင့် ကျောင်းအသုံးစရိတ်နှင့် ဆရာ ဆရာမ ငှားရမ်းခများအဖြစ်အသုံးပြုပါသည်။ အစိုးရကျောင်းနှင့် တရုတ်ကျောင်း(၇)တန်းအောင်မြင်ပါက နောင်မွန်ရွာတွင် အစိုးရကျောင်းနှင့် တရုတ်ကျောင်း ဆက်တက်နိုင်ပါသည်။ သို့သော် လူဦးရေအနည်းငယ်များသော်လည်း တချို့သောမိသားစုများသည် သားသမီးများ၏ပညာရေးထက် ဝမ်းရေးကိုဦးစားပေးရသောကြောင့် ပညာသင်ကြားရမှုများ မရှိကြပေ။ ကျေးရွာတွင် ဘုန်းကြီးကျောင်းပညာရေး သင်ကြားမှုများ အနည်းငယ်ရှိပါသည်။

တချို့သောမိသားစုများသည်သားသမီးများ၏ပညာရေးထက် ဝမ်းရေးကို ဦးစားပေးရသောကြောင့် အလယ်တန်းပညာဆက်လက်မသင်ကြားနိုင်ဘဲ ကျောင်းထွက်ပြီး မိသားစု၏စားဝတ်နေရေးကို ဖြည့်ဆည်းကြရပါသည်။ တချို့မှာ မိဘအားကူညီမှုမရှိဘဲ မူးယစ်ဆေးကိုသာ အသုံးပြုကြသဖြင့် လူငယ်များ၏ အနာဂတ်ကာမှာ အလွန်စိုးရိမ်စရာကောင်းပါသည်။

ကျေးရွာတွင် ရှမ်းပိုင်း၊ ကိုးကန့်ပိုင်း နှင့် တောင်ကုန်းပိုင်းရှိရာ မိုးရာသီ တောင်ကျရေကျဆင်းချိန်တွင် ကလေးငယ်များသည် ရေကျော်နေသည့် အနိမ်ပိုင်းများကို မဖြတ်သန်းနိုင်သဖြင့် ကျောင်းခဏခဏ ပျက်ကွက်ကြရပါသည်။

ကျေးရွာတွင်ဆရာဆရာမ(၆)ဦး ရှိပါသည်။ အခြားနီးစပ်ရာကျေးရွာများမှ လာရောက်ကြသောကြောင့် ကျောင်းသား/ကျောင်းသူ(၃၀၀)ကျော်ရှိပြီး ဆရာကျောင်းသားအချိုးမှာ

၁:၄၀၀အထက်ဖြစ်သောကြောင့် ကျေးရွာမှ ဆရာမ(၁)ဦးနှင့် ရှမ်းစာသင်ကြားရန် ဆရာမ(၁)ဦးအား တစ်လလျှင် ၂၀၀၀၀၀(နှစ်သိန်း)ကျပ်ဖြင့် ငှားရမ်းထားရပါသည်။ ငှားရမ်းစရိတ်အား လုပ်ငန်းရှင်များထံတွင် အလှူခံကြပါသည်။ ရှမ်းစာသင်ကြားရန်အတွက် ငှားရမ်းခကို ရှမ်းပိုင်းအိမ်ထောင်စုများထံမှ ကောက်ယူကျခံပါသည်။ ကျောင်းသုံးပရိဘောဂနှင့် ကျောင်းစာအုပ်/စာရေးကိရိယာများမှာလည်း လုံလောက်မှုရှိပါသည်။ ကျောင်းအားကစားဆိုင်ရာ ပစ္စည်းထောက်ပံ့မှုများရရှိမှုမရှိပါ။ ကျောင်းအားကစားပြုလုပ်ရန် နေရာလည်းမရှိပါသောကြောင့် အတန်းတွင်းကစားနည်းများဖြင့်သာ ကစားကြရပါသည်။ စာသင်ကျောင်းဝင်းအား လုံခြုံရေးအတွက် မိဘဆရာအသင်းနှင့် ပူးပေါင်း၍ နှစ်စဉ် ခြံစည်းရိုးကာရံသည်မှ ပေ ၂၅၀ ကျော် ကာရံရန် ကျန်နေပါသေးသည်။ မိဘဆရာအသင်း၏အခန်းကဏ္ဍမှာ အသင့်အတင့် ကောင်းမွန်ပါသည်။

စာသင်ကျောင်းအခြေအနေနှင့် ဝန်ဆောင်မှုများ ကျေးရွာအတွင်း၌ အမက(မှုလွန်) ကျောင်း ရှိပါသည်။ ကျောင်း၏အရည်အသွေးသည် ကောင်းမွန်သည်။ ကျောင်းသုံးပရိဘောဂမှာလည်း လုံလောက်မှုရှိသည်။ ကျောင်း၏အိမ်သာမှာလည်း သန့်ရှင်းကောင်းမွန်သည်။ အစိုးရခန့်ဆရာ/ဆရာမဦးရေမှာ (၇)ဦးခန့်ရှိသည်။ စာသင်ကျောင်း၏ ကြမ်းခင်းဧရိယာ ၃×၁၂၀.၂ဆောင်နှင့် ၃၀×၆၀တစ်ဆောင် တို့ဖြစ်ပါသည်။ မိဘဆရာအသင်းဖွဲ့စည်းထားရှိပြီး ကျောင်း၏လိုအပ်ချက်များကို ပူးပေါင်းပါဝင်လုပ်ဆောင်ကြပါသည်။

၈။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

နားယာမကျေးရွာတွင် ကျန်းမာရေးနှင့်ဆိုင်သောရောဂါဖြစ်ပွားမှုမှာ သွေးလွန်တုပ်ကွေး ရောဂါ အဖြစ်များလေ့ရှိသည်။ ရေကို ကျိုချက်သောက်သုံးခြင်း မပြုသောကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါများ ဖြစ်ကြပါသည်။ တီဘီရောဂါလည်း အနည်းငယ်ရှိပါသည်။ ဆီးချို၊ သွေးတိုးရောဂါသည်များလည်း ရှိသည်။ အခြားကူးစက်နိုင်သောရောဂါများ ရှိနိုင်ပေမဲ့ စမ်းသပ်ကုသမှုများမရှိသောကြောင့် ရောဂါ၏လက္ခဏာမပြ၍မသိနိုင်ပါ။

နားယာမကျေးရွာတွင် နောင်မွန်ကျေးလက်ကျန်းမာရေးဌာနမှ ဆရာမများသည် လစဉ်ကာကွယ်ဆေးအား အမြဲမပျက်ထိုးပေးပါသည်။ ၎င်းဆရာမများ လာရောက်ထိုးပေးမဲ့နေ့အား ရွာသူ/သားများအား အရင်အကြောင်းကြားပါသည်။ ရွာတွင် ကိုယ်ဝန်ဆောင် ကာကွယ်ဆေးနှင့်ပိုလီယိုရောဂါ၊ ဝက်သက်ရောဂါကာကွယ်ဆေးများအား အပါတ်စဉ်ပုံမှန် ထိုးပေးပါသည်။ အချို့အသိဉာဏ်နည်းသောရွာသူရွာသားများသည် မိမိတို့၏ သားသမီးများအား သွားရောက်၍ ဆေးထိုးဆေးတိုက်ခြင်း မပြုကြပါ။

ရွာ၏ကျေးလက်ကျန်းမာရေးဌာနမှာ နောင်မွန်အုပ်စုအတွင်းသို့ သွား၍ကုသရပါသည်။ တိုက်နယ်ဆေးရုံသို့သွားသော မိုင်အကွာအဝေးမှာ ၁မိုင်မှ ၃မိုင်ထိ သွားရောက်ရပါ

သည်။ တိုက်နယ်ဆေးရုံတွင် ကုတင်လုံလောက်စွာမရှိပါ။ သန့်ရှင်းသပ်ရပ်မှုလည်း လိုအပ်ပါသည်။ ရွာအနီးဒ္ဒဆေးခန်းရှိပါသည်။ ဆေးဆိုင်ဒ္ဒဆေးများကိုလည်း စနစ်တကျထားခြင်းမရှိပါ။ သက်တမ်းလွန်သောဆေးများကိုလည်း ပြန်လည်ရောင်ချခြင်းမရှိပါ။ မြို့သို့ မသွားနိုင်သော ဆင်းရဲသောရွာသားများသည် ရွာရှိဆေးဆိုင်ငယ်များကို အားကိုးရပါသည်။

ရွာတွင် စိမ့်စမ်းရေရှိသောကြောင့် လုံလောက်စွာ သုံးနိုင်ပါတယ်။ ရေသန့်ရှင်းမှုကို စစ်ဆေးနိုင်ခြင်း မရှိသေးပါ။ ရေကို မကျိုချက်ပဲ သောက်သုံးသောအိမ်ထောင်စုများပါသည်။ ကျေးရွာတွင် ရေကိုလုံလောက်စွာရရှိပေမဲ့ သန့်ရှင်းသောရေကို မရရှိပါ။ ရေကို နွေ၊ မိုး၊ ဆောင်းသုံးရာသီ လုံလုံလောက်ပါသည်။ စိမ့်စမ်းရေဖြစ်သောကြောင့် နွေရာသီတွင် သစ်ရွက်များ ကြွေကျခြင်း၊ မိုးရာသီတွင် လောက်လန်းများ ပါဝင်မှုများပြားခြင်း ကြုံတွေ့ရပါသည်။ ရေကိုကျိုချက်မသောက်သောကြောင့် မကြာခဏဝမ်းပျက်ခြင်း၊ တုပ်ကွေးငှက်ဖျား ဖြစ်ခြင်းကို နှစ်စဉ်ကြုံတွေ့ရပါသည်။ အများအားဖြင့် ယင်လုံအိမ်သာကို အများဆုံး အသုံးပြုတယ်။ တချို့အနည်းငယ်သာတွင်းရှိ အိမ်သာကိုအသုံးပြုတယ်။ အိမ်သာသန့်ရှင်းရေးနှင့်ဆိုင်သော ကောင်းကျိုးများကို အချို့ရွာသူ/သားများ မသိရှိသေးသောကြောင့် ဖြစ်သလို အသုံးပြုသော အိမ်ထောင်စုများလည်း ရှိပါသည်။ ထို့ကြောင့် အိမ်သာ၏ ကောင်းကျိုးများနှင့် ကျန်းမာမှုပညာပေးဟောပြောပွဲ ကျင်းပရန် လိုအပ်ပါသည်။

၉။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

နားယားမကျေးရွာတွင် လက်လုပ်လက်စားကျပန်းများ လုပ်ကိုင်သည့် အိမ်ထောင်စုအနည်းငယ်ရှိသဖြင့် ၄င်းအိမ်ထောင်စုများသည် သဘာဝဘေးနှင့်စားနပ်ရိက္ခာမဖူလုံသည့် အခြေအနေများ ကြုံတွေ့ပါက အခြားအိမ်ထောင်စုများထက်ပို၍ ထိခိုက်ခံစားရလွယ်ကူနိုင်ပါသည်။

သဘာဝပတ်ဝန်းကျင်နှင့် ရေအရင်းအမြစ်များမှာအလွန်ကောင်းပါသည်။ ရွာ၏ သဘာဝစိမ့်စမ်းရေသည် ပတ်ဝန်းကျင်ရွာများလည်း သောက်သုံးနိုင်ပါသည်။ သဘာဝ စိမ့်စမ်းရေရှိသော တောကိုလည်း စနစ်တကျ ထိန်းသိမ်းထားပါသည်။ ကျေးရွာတွင် လယ်/ယာမြေများတွင် မြေဩဇာ အလွန်အကျွံသုံးစွဲခြင်းကြောင့် မြေဆီလွှာပျက်ဆီးခြင်းနှင့် ကြုံတွေ့နေရပါသည်။ စွန့်ပစ်ပစ္စည်းများကိုလည်း ကျင်းများ တူး၍ စနစ်တကျမီးရှို့ပါသည်။ စက္ကူစက်များတွင် ယခင်ကအရောင်ရရှိရန် ဆန္ဒင်းမုန့်ကို သုံးစွဲသော်လည်း ယခုအခါ ဆိုးဆေးများကိုသုံးစွဲခြင်းကြောင့် ထွက်လာသောဆိုးဆေး ပါဝင်သည့်ရေဆိုးများနှင့် စက်ရုံမှ ထွက်လာသော ရေဆိုးများသည် ရေမြောင်းများမှတဆင့် ချောင်းမြောင်းထဲသို့ ရောက်ရှိသွားခြင်းကြောင့် ရေနေသတ္တဝါများ နည်းပါးလာခြင်း၊ စိုက်ပျိုးမြေများပျက်ဆီးခြင်းနှင့် ရေတွင်းရေများ သုံးစွဲ၍ မရခြင်းတို့ကို ကြုံတွေ့နေကြ ရပါသည်။

၁၀။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

နားယားမကျေးရွာ၏ ကျေးရွာစီမံခန့်ခွဲမှုအပိုင်းတွင် အမျိုးသမီးများ ပါဝင်မှုမရှိသော်လည်း ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အားတက်သရော ပူးပေါင်းလုပ်ဆောင်ကြပါသည်။ အမျိုးသမီး အကြမ်းဖက်မှုများမရှိသော်လည်း အကြမ်းဖက်မှုများတွင် ကာကွယ် ရမည့် တရားနည်းဥပဒေဆိုင်ရာအသိပညာများအားနည်းကြပါသည်။

၁၁။ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး

ကျွန်မတို့နားယာမကျေးရွာ၏လူငယ်များသည် ယဉ်ကျေးမှုနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းအား လုပ်ကိုင်ရာမှာ များစွာလိုအပ်ပါသည်။လူငယ်အများစုသည် မူးယစ်ဆေးနှင့် အရက်ကိုသာ သုံးစွဲသောကြောင့် လူမှုရေး၊ ဘာသာရေးနှင့် ယဉ်ကျေးမှုထိန်းသိမ်းရန်အတွက် အလွန် နှောင့်နှေးနေပါသည်။ လူငယ်အချို့သည် ဘော်လီဘောကစားခြင်းဖြင့် ကာယလေ့ကျင့်မှု ပြုလုပ်ကြပါသည်။ ရွာအတွင်းစာကြည့်တိုက်ရှိပါသည်။ လူငယ်များ အားလပ်ချိန်တွင် စာကြည့်ခြင်းအားဖြင့် ဘဝ၏အဓိပ္ပါယ်ကို ရှာဖွေမှုထက် ၎င်းတို့၏ပျော်မွေ့ရာကို ရှာဖွေသော ကြောင့် စာကြည့်တိုက်မှာအမြဲပိတ်ထားရပါသည်။

၁၂။ ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး

ကျွန်တော်တို့ရွာတွင် တယ်လီဖုန်းတာဝါတိုင် မရှိပါ။ နှစ်မိုင်ခန့်အကွာတွင်ရှိသော နောင်မွန်တာဝါတိုင်ကိုအားကိုးရပါသည်။ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာ ဖြန့်ဝေသောအဆောက်အဦးလည်းမရှိပါ။ အာမခံလုပ်ငန်းဝန်ဆောင်မှုမျိုးလည်း မရနိုင်ပါ။ ကျေးရွာ၏ တည်ငြိမ်ရေးသည် ရွာသူကြီးနှင့် ရွာသူ/သားများသာ အဓိကလုပ်ကိုင်ကြသည်။ ရွာတွင်း မူးယစ်ဆေးဝါးရောင်းဝယ်သုံးစွဲသူများ ရှိနေသော်လည်း ရဲများမှ တာဝန်ယူဖြေရှင်း ခြင်းမရှိပါ။ ရွာတွင် မူးယစ်ဆေးသုံးစွဲသူများ စိုးရိမ်ရသည်။ ထို့အပြင်ခိုးမှုများလည်း သာမန် ဖြစ်ပွားမှုရှိသဖြင့် သတိနှင့် နေရပါသည်။ လူကုန်ကူးမှုနှင့် အကြမ်းဖတ်မှုများ မရှိသလောက် ရှားပါသည်။ ကျွန်မတို့ရွာ၌ ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက ရွာသူကြီးများဖြင့် သာ အဓိကဖြေရှင်းကြသည်။ ဖြေရှင်း၍မရသောကိစ္စများရှိမှသာလျှင် ရဲစခန်းသို့ပို့ရပါသည်။

၁၃။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

စဉ်	စီမံချက် (Project)	ဦးစားပေး အဆင့်	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁	၂၀၂၂
၁	ကျောင်းအုတ်တံတိုင်းကာရံခြင်းလုပ်ငန်း	၁	3	3			
၂	ရေပြွန်တံတားတည်ဆောက်ခြင်းလုပ်ငန်း	၂	3	3			
၃	ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း	၃	3	3	3		
၄	မူးယစ်ဆေးဝါးကင်းစင်ရေးပညာပေးဟောပြောပွဲ	၇	3	3	3	3	3
၅	စိုက်ပျိုးရေးပညာပေးဟောပြောပွဲများ ဆောင်ရွက်ခြင်း	၆	3	3	3	3	3
၆	ကျန်းမာရေးအသိပညာပေးသင်တန်းဖွင့်လှစ်ခြင်း	၈	3	3	3	3	3
၇	အသက်မွေးဝမ်းကျောင်းသင်တန်းဖွင့်လှစ်ခြင်း	၅	3	3	3		
၈	စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း	၄	3	3	3	3	3
၉							

အပိုင်း (ခ)

စီမံချက်ဆိုင်ရာ အချက်အလက်များ

စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (၁)

ကျေးရွာ	- နားယာမကျေးရွာ
ကျေးရွာအုပ်စု	- နောင်မွန်ကျေးရွာအုပ်စု
မြို့နယ်	- လားရှိုးမြို့
တိုင်းဒေသကြီး / ပြည်နယ်	- ရှမ်း(မြောက်)
စီမံချက်အမည် -	**ကျောင်းအုတ်တံတိုင်း ကာရံခြင်းလုပ်ငန်း**
စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ • နားယာမကျေးရွာ၏ မူလတန်းကျောင်းတွင် ကျောင်းအုတ်တံတိုင်း ကာရံခြင်း မရှိသဖြင့် ကလေးများ ၊ ဆရာမများ လုံခြုံမှု မရှိခြင်း • အုတ်တံတိုင်း မရှိသဖြင့် မူးယစ်ဆေးသုံးမှုများ၊ ကျွဲ၊နွား တိရစ္ဆာန်များကြောင့် ပျက်စီး ဆုံးရှုံးမှု များခြင်း	
စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့်ဆန္ဒ ဖော်ပြရန်) • ကျောင်းသူကျောင်းသားများ ဘေးအန္တရာယ်ကင်းကင်းနှင့် စာသင်ယူနိုင်ရန် • ကျောင်းဝင်းအတွင်း ဆရာ/ဆရာမ လုံခြုံစိတ်ချစွာ တာဝန်ထမ်းဆောင်နိုင်စေရန်။	
မျှော်မှန်း အကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ) • ကျောင်းအုတ်တံတိုင်းကာရံခြင်းဖြင့် ကျောင်းသူ/သားများ လုံခြုံစွာပညာသင်ကြားနိုင် ခြင်း • ကျောင်းဝင်ခွင့် ထွက်ခွင့်ကို စနစ်တကျ ထိန်းသိမ်းနိုင်မည် • ကျောင်းပိုင်ပစ္စည်းများကို သေချာ မပျောက်အောင် ထိန်းသိမ်းထားနိုင်ခြင်း	
စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက်ပမာဏ လုပ်ရမည်) ကျောင်းအုတ်တံတိုင်း ကာရံခြင်းလုပ်ငန်း (၂၅ဖ'×၆'– ၆')	
ကုန်ကျစရိတ်ထည့်ဝင်မှု	
ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	**ထည့်ဝင်မည့်အစီအစဉ်**
• ၅၀၀၀၀၀၀ (ငွေသား) • ××××××××× (ငွေသား) • ၃၇၀၀၀၀၀(ပစ္စည်း/လုပ်အား)	• ကျေးလက်ဦးစီး • ကျေးရွာ • ကျေးရွာ

နောက်ဆက်တွဲ

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၅၄၇	၅၈၅	၁၁၃၂	၁၇	၅၃	၁၂၉	၁၆	၂၁၅
အကျိုးခံစားမည့် ဦးရေ	၅၄၇	၅၈၅	၁၁၃၂	၁၇	၅၃	၁၂၉	၁၆	၂၁၅
မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)

နားယာမကျေးရွာ၊ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

(၂) စီမံချက် စတင်မည့်အချိန် (ခန့်မှန်း)

၂၀၁၈ ခုနှစ်၊ ဇွန်လ

(၃) စီမံချက် ပြီးစီးမည့်အချိန်

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ

(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ်

ကျေးရွာသူ/ သားများမှ အလှည့်ကျ လုပ်ငန်းပြီးမြောက်သည်အထိ လုပ်အားပေးကြပါမည်။

(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီအဖွဲ့မှ ဦးဆောင်၍ ရွာသူရွာသားများနှင့်တကွ ရေရှည်တည်တံ့ခိုင်မြဲအောင် ပြုပြင်ထိန်းသိမ်းသွားပါမည်။

စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (၂)

ကျေးရွာ – **နားယားမကျေးရွာ** **ကျေးရွာအုပ်စု** – နောင်မွန်ကျေးရွာအုပ်စု **မြို့နယ်** – လား:ရှိုးမြို့နယ် **တိုင်းဒေသကြီး / ပြည်နယ်**– ရှမ်းပြည်နယ်(မြောက်ပိုင်း)
စီမံချက်အမည် – ရေပြွန်တံတားတည်ဆောက်ခြင်းလုပ်ငန်း
စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ • ကျောင်းသားကျောင်းသူများ အနေဖြင့် လမ်းတွင် ဗွက်များ၊ ချိုင့်များ ဖြစ်နေသောကြောင့် ကျောင်းသွားကျောင်းပြန် အခက်အခဲများ ရှိပါသည်။ • ထို့အပြင် မိုးတွင်းကာလ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသောကြောင့် ကျန်းမာရေးဆိုင်ရာ အရေးပေါ်အခြေအနေ ဖြစ်ပေါ်လာပါက အသက်အန္တရာယ် ထိခိုက်နိုင်ပါသည်။ • စီးပွားရေးအတွက် ရောင်းဝယ်ဖောက်ကားရာတွင် အခက်အခဲများ ဖြစ်စေပါသည်။
စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်) • မိုးတွင်းကာလ မိုးကြီးသည့်အခါများတွင် ဗွက်များ၊ ချိုင့်များ မရှိစေရန်၊ • ကျောင်းသားကျောင်းသူများ ပညာသင်ယူမှုတွင် သွားလာရ အဆင်ပြေစေရန်၊ • ကျန်းမာရေး အရေးပေါ် အခြေအနေများတွင် သွားလာရအဆင်ပြေ၍ အသက်အန္တရာယ် ကင်းဝေးစေရန်၊
မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ) • လမ်းကောင်းမွန်မှုကြောင့် လူနေမှုအဆင့်အတန်းမြင့်မားတိုးတက်လာမည်။ • ကျောင်းသား/ကျောင်းသူများ ပညာသင်ယူမှု အဆင့်အတန်းမြင့်မားတိုးတက်လာမည်။ • လမ်းကောင်းမွန်မှုကြောင့် စီးပွားရေး ရောင်းဝယ်မှု ပိုမိုအဆင်ပြေလာမည်။ • ကျေးရွာလည်း ယခင်ကထက်ပိုမိုတိုးတက်လာပါမည်။
စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်) • ရေပြွန်တံတားတည်ဆောက်ခြင်းလုပ်ငန်း(၂၄'×၄'– ၉"× ၄'– ၉")

စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု

ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	ထည့်ဝင်မည့် အစီအစဉ်
• ၅၀၀၀၀၀၀(ငွေသား)	• ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
• _____(ငွေသား)	• ကျေးရွာ
• ၅၉၈၀၀၀ (ပစ္စည်း/လုပ်အား)	• ကျေးရွာ

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၅၄၇	၅၈၅	၁၁၃၂	၁၇	၅၃	၁၂၉	၁၆	၂၁၅
အကျိုးခံစားမည့်သူ ဦးရေ	၅၄၇	၅၈၅	၁၁၃၂	၁၇	၅၃	၁၂၉	၁၆	၂၁၅
မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် နှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ) • **နားယားမ**ကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း – ၂၀၁၈ ခုနှစ်၊ ဇွန်လ
(၃) စီမံချက်ပြီးစီးမည့်အချိန် – ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ
(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် – • ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာလုံးကျွတ် အစည်းအဝေးခေါ်ယူပြီး လုပ်ငန်းအစီအစဉ်များကို ပွင့်လင်းစွာ တိုင်ပင်ဆွေးနွေးပါမည်။ • လမ်းခင်းရာတွင် ကျေးရွာမှ လုပ်အားထည့်ဝင်ပါမည်။ • လိုအပ်ပါက ပစ္စည်းထည့်ဝင်ပါမည်။

(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီ အစဉ်များ

- လုပ်ငန်းများ ကောင်းမွန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဆင့် အလိုက် ကျွမ်းကျင်လူထုအား အစည်းအဝေးခေါ်ယူပြီး ဆွေးနွေးတိုင်ပင်ပါမည်။
- လုပ်ငန်းများ အကောင်အထည်ဖော်ပြီးပါကလည်း လုပ်ငန်းပြီးဆုံးမှု အလွဲအပြောင်း လုပ်ဆောင်ခြင်းနှင့် ဖွင့်လှစ်ပွဲ လုပ်ဆောင်ပါမည်။
- လမ်းပြုပြင်မှုနှင့် ပတ်သက်၍ရေရှည်တည်တံ့စေရေးအတွက် စည်းမျဉ်းစည်းကမ်းနှင့် ညွှန်ကြားချက်များထားရှိပါမည်။
- လမ်းပြုပြင်မှုအား မပျက်စီးအောင် ကျွမ်းကျင်သူ/ကျွမ်းကျင်သားများအားလုံးထိန်းသိမ်းသွားပါမည်။
- လမ်းအခြေအနေအား ရေရှည်ကောင်းမွန်ခိုင်ခံ့စေရေးအတွက် လိုအပ်သော ပြုပြင်ထိန်းသိမ်းမှု လုပ်ငန်းများကို အစီအစဉ်ရေးဆွဲပြီး ကျွမ်းကျင်ဖွံ့ဖြိုးရေးကော်မတီမှ ဦးဆောင်၍ လုပ်ဆောင်သွားပါမည်။

နားယားမကျေးရွာ၊ ဟိုပိတ်ကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးလှတင်	ဦးမူးလိန္တ	၁၃/ကမန(နိုင်)၀၆၈၉၈၆	၄၆	ဥက္ကဋ္ဌ	၀၉-၄၀၃၇၁၁၅၃၀
၂	ဦးမူခိုက်ဖူ	ဦးမော်ရီဝင်း	၁၃/လရန(နိုင်)၁၁၈၃၃၆	၄၁	အတွင်းရေးမှူး	
၃	ဦးစိုင်းဘထွန်း	ဦးစိုင်းထွန်းအောင်	၁၃/လရန(နိုင်)၁၆၅၉၆၂	၃၅	ဘဏ္ဍာရေးမှူး	
၄	ဒေါ်ဂျူးဂျူး	ဦးလူးဝစ်	၁၃/နမတ(နိုင်)၀၄၃၃၆၆၆	၃၈	စာရင်းကိုင်	၀၉-၄၀၃၇၆၅၄၃၂
၅	ဦးစိုးနိုင်ဝင်း	ဦးမောင်စိန်(ခ) ဦးမင်ဂျင့်ကျား	၁၃/လရန(နိုင်)၁၈၆၀၅၂	၃၂	သေ့ကိုင်(၁)	၀၉-၂၅၃၁၃၀၇၈၈
၆	ဒေါ်နန်းနွန်ဖောင်	ဦးဆန်မွန်း		၁၈	သေ့ကိုင်(၂)	၀၉-၇၈၃၁၂၇၃၃၈
၇	ဒေါ်ခမ်းဆာ	ဦးဆန်ကျော်	၁၃/လရန(နိုင်)၁၁၈၄၇၅	၄၅	အဖွဲ့ဝင်	၀၉-၄၄၃၈၆၀၈၀၄

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၂	၃	၅
၁ နှစ်မှ ၄ နှစ်	၅နှစ်အောက်ကလေးငယ်	၁၈	၁၉	၃၇
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၄၂	၄၇	၈၉
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၅၉	၅၃	၁၁၂
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၄၁၂	၄၄၈	၈၆၀
၆၅ နှစ်နှင့် အထက်	သက်ကြီးရွယ်ကြီး	၁၄	၁၅	၂၉
စုစုပေါင်း		၅၄၇	၅၈၅	၁၁၃၂
စုစုပေါင်း အိမ်ထောင်စု				၂၁၅

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက် (၁) နှစ်မပြည့်မီ အရွယ်၊ ၁နှစ်မှ ၄နှစ်ဆိုသည်မှာအသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀) နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှ အသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ ၆၄နှစ်ဆိုသည်မှာ အသက်(၁၅)နှစ်ပြည့်သည်မှအသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅ နှစ်နှင့် အထက်ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့်အရွယ်နှင့်ငင်းထက် အသက်ကြီးသည့် အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ရှမ်း၊ ကိုးကန့်လူမျိုးများနေထိုင်ကြပါသည်။ အိမ်ထောင်စု(၂၁၅)အိမ်ရှိပြီး လူဦးရေစုစုပေါင်း (၁၁၃၂)ဦးရှိပါသည်။ ပျမ်းမျှတစ်အိမ်ထောင်လျှင် (၅-၆)ဦးရှိပါသည်။ နှစ်စဉ်တစ်နှစ်အောက် ကလေးများအား ကာကွယ်ဆေးထိုးကြပါသည်။ တစ်နှစ်အောက်ကလေး(၅)ဦးသာရှိခြင်းကြောင့် မွေးဖွားနှုန်း အလွန်နိမ့်ကျလျက်ရှိပါသည်။ ၅နှစ်အောက်ကလေးငယ်များသည် ရွာမှ(၂)မိုင်ခန့်ဝေးသော နောင်မွန်ကျေးရွာတွင် မူကြို သွားတက်ကြပါသည်။ တချို့မိသားစုများသည် စီးပွားရေးမပြေလည်ခြင်းကြောင့် (၇-၈)နှစ် အရွယ်ကလေးငယ်များအား စက္ကူခေါက်သည့် အလုပ်ရုံများတွင် နေ့စားသွားရောက် လုပ်ကိုင်ပြီး မိသားစုစားဝတ်နေရေးအတွက် ဖြည့်တင်းနေကြရပါသည်။ အမျိုးသားများသည် တောင်ယာ၊ လယ်၊ ပန်းရံ၊ လက်သမား အလုပ်များနှင့် ကျပန်းအလုပ်ကို လုပ်ကိုင်ကြပါသည်။ အမျိုးသမီးများသည် တောင်ယာ၊ လယ်၊ စက္ကူထုတ်လုပ်သည့် အလုပ်ရုံများ တွင် နေ့စားဆင်း၍သော်လည်းကောင်း၊ ကျပန်းဖြင့်သော်လည်းကောင်း အမျိုးသားများ နည်းတူ ဝင်ငွေရှာဖွေကြပါသည်။ သက်ကြီးရွယ်အိုများသည် အလုပ်လုပ်နိုင်သည်အထိ မိမိ ဝမ်းစာအတွက်သော်လည်းကောင်း၊ မိသားစုအတွက်သော်လည်ကောင်း လုပ်ကိုင်ကြပါ သည်။

(ခ)အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁)လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁၄၀	၅၆၁	၅	မြင□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၁	၆	၀	မြင□လတ်□နိမ့်□
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁	၈	၆	မြင□□လတ်□□နိမ့်□

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အားး		
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင□□လတ်□□နိမ့်□
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင□လတ်□နိမ့်□
၄	သစ်တောလုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင□လတ်□နိမ့်□
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင□လတ်□နိမ့်□
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၄	၁၄	၀	မြင□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင□လတ်□နိမ့်□
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင□လတ်□နိမ့်□
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင□လတ်□နိမ့်□
	အလုပ်သမား /	၀	၀	၀	မြင□လတ်□နိမ့်□

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်ေသာအခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ဝန်ထမ်း				
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင်လတ်နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင်လတ်နိမ့်
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	0	မြင်လတ်နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင်လတ်နိမ့်
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၆	၂၆	၇၇	မြင်လတ်နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင်လတ်နိမ့်
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	2	3	၀	မြင်လတ်နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင်လတ်နိမ့်
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၁	မြင်လတ်နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင်လတ်နိမ့်
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင်လတ်နိမ့်

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်ေသာအခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင□လတ်□နိမ့□
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင□လတ်□နိမ့□
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင□လတ်□နိမ့□
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင□လတ်□နိမ့□
	အလုပ်သမား / ဝန်ထမ်း	၀	၀	၁	မြင□လတ်□နိမ့□
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင□လတ်□နိမ့□
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင□လတ်□နိမ့□
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင□လတ်□နိမ့□
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင□လတ်□နိမ့□
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင□လတ်□နိမ့□
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင□လတ်□နိမ့□
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	☒

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
